# (တရားတဘောင်စစ်ဆေးစီရင်ရန်၊ ယခုအခိုက်အတန့်အတွက် တရားရုံးတော်များ တည်ထောင်သည့် တချက်လွှတ်အမိန့်)
# စစ်ဘက်ဆိုင်ရာတချက်လွှတ်အမိန့်နံပါတ် ၆။

နီပွန်စစ်တပ်တော် အုပ်ချုပ်နေသည့်အတွင်းတွင်၊ ဗမာနိုင်ငံတော်တွင်၊ တရားတဘောင် စစ်ဆေးစီရင်ရန်၊ ယခုအခိုက်အတန့်အတွက်၊ တရားရုံးတော်များတည်ထောင်သည့်တချက်လွှတ်အမိန့်။

ဗမာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသည့် တိုင်းသူပြည်သားတို့၏ ဆိုင်ရာဆိုင်ခွင့်ကိုရင်း၊ ဆောင်ရွက်ရန် တာဝန်ဝတ္တရားကိုရင်း၊ မြဲမြဲတည်ငြိမ်ရှိစေရန်မှစ၍၊ တိုင်းနိုင်ငံတော်အတွင်း၊ ငြိမ်းချမ်းသာယာသေဝပ်ပိပြားရှိစေရန်၊ တရားရုံးတော်များ ရှိအပ်သည်ဖြစ်ရကား၊ ဗမာနိုင်ငံတော်ရှိ နီပွန်ဘုရင်မင်းမြတ်၏ စစ်တပ်သေနာပတိဖြစ်သူအကျွန်ုပ်က၊ ဗမာနိုင်ငံတော်တွင်၊ ယခုခေတ်သမယ ဖြစ်ပျက်သည့်အကြောင်း စေ့စုံစွာစဉ်းစားဆင်ခြင်ပြီးနောက်၊ အောက်ပါအတိုင်းပြဋ္ဌာန်းအမိန့်ထုတ်ပြန်လိုက်သည်။

၁။ ။ နီပွန်ဘုရင်မင်းမြတ်၏ သေနာပတိဖြစ်သူ အကျွန်ုပ်က၊ ရုံးတော်များကိုတည်ထောင်၊ အစိုးရအမှုလိုက်ရှေ့နေများကို ခန့်အပ်၊ ရာဇဝတ်တရားစွဲဆိုသည့်ကိစ္စကိုစီမံခန့်ထားသည့်အပြင်၊ ဗမာနိုင်ငံတော် အတွင်းတရားတဘောင်စစ်ဆေးစီရင်မှုကိစ္စအတွက် စီမံခွဲခန့်လိုက်သည်။

၂။ ။ တရားရုံးတော်များဖွဲ့စည်းသည့်နည်းနာနိသျှစီရင်ပိုင်ခွင့် အာဏာများနှင့် အစိုးရအမှုလိုက်ရှေ့နေအလုပ်ဝတ္တရားမှာ၊ ယခုတချက်လွှတ် အမိန့်တွင်ဖြစ်စေ၊ အခြားတချက်လွှတ်အမိန့်တွင်ဖြစ်စေ၊ အတည့် အလင်း၊ သို့မဟုတ် သွယ်ဝိုက်၍ တနည်းတဖုံ စီမံထားခြင်းမရှိခဲ့လျှင်၊ ဗမာနိုင်ငံတော်တွင် အထက်ကတည်ရှိခဲ့သည့်အတိုင်းပင်ဖြစ်စေရမည်။

၃။ ။ တရားရုံးတော်များဖွဲ့စည်းသည့်နည်းနာနိသျှ။ စီရင်ပိုင်ခွင့် အာဏာများနှင့် အစိုးရအမှုလိုက်ရှေ့နေအလုပ်ဝတ္တရားမှာ၊ အောက်တွင်ဖေါ်ပြသည့် အကြောင်းအချက်များနှင့်မစပ်ဆိုင်စေရ။

(က) နီပွန်ဘုရင်မင်းမြတ်၏ စစ်တပ်ဆိုင်ရာ စစ်သည်တော်များစစ်ဆေးစီရင်မည့်ရုံးတော်မှစီရင်ပိုင်ခွင့်ရှိသည့်အမှုကိစ္စ။

(ခ) နီပွန်ဘုရင်မင်းမြတ်၏စစ်တပ်ဆိုင်ရာ စစ်ရုံးတော်စီရင်ပိုင်သည့်အမှုကိစ္စ။

(ဂ) ဂျပန် တိုင်းရင်းသားနှင့် အခြားတိုင်းရင်းသားတို့၊ တရားမကြောင်းတရားတဘောင်စွဲဆိုသည့်အမှု ကိစ္စဖြစ်စေ၊ ဂျပန်တိုင်းရင်းသားအချင်းချင်း တရားမကြောင်းစွဲဆိုသည့် အမှုကိစ္စ။ (ဂျပန်တိုင်းရင်းသား ဆိုသည်တွင်၊ တရားဥပဒေအရဖွဲ့စည်းသည့်ဂျပန်အဖွဲ့အစည်းလည်းပါဝင်သည်။)

(ဃ) ဂျပန်တိုင်းရင်းသားတဦးတယောက်ကို၊ ရာဇဝတ်ကြောင်းတရားခံ အဖြစ်စွဲဆိုသည့်အမှုကိစ္စ။ (ဂျပန်တိုင်းရင်းသားဆိုသည်တွင်၊ တရားဥပဒေအရ ဖွဲ့စည်းသည့်ဂျပန်အဖွဲ့အစည်းလည်းပါဝင်သည်။)

၄။ ။ ယခုတချက်လွှတ်အမိန့်တွင်ဖြစ်စေ၊ အခြားတချက်လွှတ်အမိန့်ဥပဒေစည်းမျဉ်းမှစသည်တွင်ဖြစ်စေ၊ တနည်းတဖုံစီမံပြဋ္ဌာန်းခြင်းမရှိခဲ့လျှင်၊ ယခုတည်ထောင်သည့် ရုံးတော်များတွင် လိုက်နာဆောင်ရွက်ရမည့်တရားဥပဒေမှာ၊ ယခုတချက်လွှတ်အမိန့်အတည်မဖြစ်မှီ၊ ဗမာနိုင်ငံတော်အတွင်း လိုက်နာဆောင်ရွက်ခဲ့သည့်တရားဥပဒေတွင်၊ အရေးပါသည့်အချက်အဆစ်အတိုင်း၊ ယခုအခိုက်အတန့်အတွင်းလိုက်နာဆောင်ရွက်ရမည်။ သို့သော်၊ နီပွန်စစ်တပ်အစိုးရတို့ရည်ရွယ်သည့်အတိုင်း၊ အရှေ့အာရှတိုက်ကြီးတွင်

ခေတ်သစ်တည်ထောင်မှု ကိစ္စနှင့်မလျော်ကန်ဆန့်ကျင်ဘက်ဖြစ်သည့် ဥပဒေတစုံတရာမှာသက်ဆိုင် တည်မြဲမရှိစေရ။

**၅။** ။ (၁) အကျွန်ုပ်က ရန်ကုန်မြို့တွင်၊ ရန်ကုန်မြို့မရုံးတော်တည်ထောင်လိုက်သည်။ ၎င်းရုံးတော်ကို ရှူဝါသက္ကရာဇ် ၁၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည်။

(၂) ရန်ကုန်မြို့မှအပ ဗမာနိုင်ငံတော်အတွင်း တည်ရှိခဲ့သည့် ရုံးတော်အရပ်ရပ်ကို၊ ယခုတဖန် တည်ထောင်လိုက်သည်ဟုမှတ်ယူရမည်။ ၎င်းရုံးတော်အရပ်ရပ်ကိုတဖန် ပြန်လည်ဖွင့်လှစ်လိုက်သည့် အကြောင်းကို သီးခြားကြော်ငြာထုတ်ပြန်ကြေညာမည်။

(၃) ရန်ကုန်မြို့မရုံးတော်မှာ ရန်ကုန်မြို့ဟိုက်ကွတ်လွှတ်တော်ရုံးအထက်က စီရင်ပိုင်ခွင့်အာဏာတရားမ ကြောင်းတွင်၎င်း၊ ရာဇဝတ်ကြောင်းတွင်၎င်း၊ အရေးယူစီရင်ပိုင်သည့် အာဏာမှစ၍ ၊ ရန်ကုန်မြို့စမော်ကော်ရုံးတော်နှင့် ရာဇဝတ်ရုံးတော်တို့ အရေးယူစီရင်ပိုင်ခွင့်အာဏာများကို ယခုအခိုက်အတန့်အတွက် အရေးယူပိုင်ခွင့်ရှိသည်။ ၎င်းပြင်ယခုပုဒ်မအပိုဒ် ၂ တွင်ဖေါ်ပြခဲ့သည့်အတိုင်း အဆိုပါရုံးတော်များ ပြန်လည်ဖွင့်လှစ်ခြင်းမရှိမှီ၊ ရန်ကုန်မြို့မရုံးတော်က စီရင်ပိုင်ခွင့်အာဏာရှိစေရမည်။

**၆။** ။ (၁) ရန်ကုန်မြို့တွင် ဟိုက်ကွတ်လွှတ်တော်တည်ထောင်ရန် အကျွန်ုပ်စီရင်ပြဋ္ဌာန်းလိုက်သည်။

(၂) အထက် အပိုဒ် ၁ တွင် ဖေါ်ပြလိုက်သည့် ဟိုက်ကွတ်လွှတ်တော်မှာ၊ ယခုအခိုက်အတန့်အတွင်း၊ ရန်ကုန်မြို့ဟိုက်ကွတ်လွှတ်တော်အထက်က အယူခံမှုအတွက် စီရင်ပိုင်ခွင့်အာဏာရှိစေရမည်။

(၃) အပိုဒ် ၁ တွင်ဖေါ်ပြသည့် ရုံးတော်ဖွင့်လှစ်သည်ကို သီးခြားကြော်ငြာမည်ဖြစ်သည်။

**၇။** ။ နီပွန်ဘုရင်မင်းမြတ်၏ စစ်တပ်သေနာပတိက၊ ရုံးတော်တစုံတရာတွင် စီရင်ဆုံးဖြတ်ချက်ကို၊ တရားဥပဒေနှင့်မညီ- မသင့်မလျော်ဖြစ်သည်ဟု ထင်မှတ်ခဲ့သော်၊ ၎င်းအမှုကိုတဖန်ပြန်လည်စဉ်းစား ဆင်ခြင်ရန်အမိန့်ဆင့်ဆိုပိုင်ခွင့်ရှိသည်။

**၈။** (၁) တရားဥပဒေကို၊ ဂျပန်ဘာသာဖြင့်၎င်း၊ ဗမာဘာသာဖြင့်၎င်း၊ စီရင်ထုတ်ပြန်စေရမည်။ ရုံးတော် မည်သည်တွင်မဆို၊ ဆောင်ရွက်စစ်ဆေးရာတွင်၊ အသုံးပြုရန်ဘာသာစကားမှာ၊ ဂျပန်ဘာသာ၊ သို့မဟုတ်၊ မြန်မာဘာသာ ဖြစ်စေရမည်။ သို့သော်လည်း၊ ယခုအခိုက်အတန့်အတွက် အင်္ဂလိပ်ဘာသာ စကားကိုအသုံးပြုခွင့်ရှိသည်။

(၂) ပြဋ္ဌာန်းထုတ်ပြန်သည့် တရားဥပဒေ တစုံတရာတွင်၊ ဂျပန်စကားနှင့် ဗမာစကားအဓိပ္ပါယ်မကွဲ မပြားရှိခဲ့သော်၊ ဂျပန်ဘာသာ စကားနှင့် ပြဋ္ဌာန်းထုတ်ပြန်သည့်ဥပဒေကိုသာလိုက်နာအတည်ပြုရမည်။

## အထွေထွေပြဋ္ဌာန်းချက်များ။

**၉။** ။ ယခုထုတ်ပြန်သည့် တချက်လွှတ်အမိန့်တော်မှာ၊ ရှူဝါသက္ကရာဇ် ၁၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အတည်ဖြစ်စေရမည်။

**၁၀။** ။ အင်္ဂလိပ်မင်းလက်ထက်က၊ တည့်ရှိသည့်တရားရုံးတော်များတွင်၊ အမှုစတင်ပြုလုပ်၍၊ မပြီးမပြတ် ရှိသည့်ကိစ္စတစုံတရာအတွက်၊ အကျွန်ုပ်သီးခြားအမိန့်ပြဋ္ဌာန်းထုတ်ပြန်မည်။

**ဗမာနိုင်ငံတော်အတွင်း၊**
**နီပွန်ဘုရင်မင်းမြတ်၏စစ်သေနာပတိကြီး။**

**ရန်ကုန်မြို့၊ ရှိဝါသက္ကရာဇ် ၁၇ ခုနှစ်၊ ဇူလိုင်လ ရက်။**